## ၈။ ပဲဂျပိုးစိမ်း

**Green Stink bug: *Nezara viridula* (Linnaeus, 1758)**

**Hemiptera: Pentatomidae**

**ဖျက်ကောင်ပုံသဏ္ဌာန်များ**



ဥမှပေါက်ကာစအကောင်ငယ်သည် တောက်ပသောအနက်ရောင်ရှိပြီး တဖြည်းဖြည်း အရောင်ဖျော့ကာအကောင်ကြီးအဆင့်ရောက်သောအခါအစိမ်းရောင်ဖြစ်သွားသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



ပဲပင်၏အစိမ်းရောင်အသီးနှင့်အစေ့များတွင် ကျရောက်တက်သည်။ အကောင်ကြီးနှင့်ပိုးလောက် ကောင်များသည် အသီးနှင့်အရည်ကိုစုပ်စားသဖြင့်အစေ့အဆန်တည်ရှိမှုကိုထိခိုက်စေသည်။ မှိုရောဂါပိုး (Nematospora) ကိုလည်းကူးစက်စေသည်။ စုပ်စားသောအနာကွက်သည်ပုတ်သွားပြီးအနက်(သို့)အညိုရောင်ပျော့ကွက်များဖြစ်နေသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥအဆင့် | -(၄-၅)ရက် |
| ပိုးမမည်အဆင့် | -(၂၅-၄၃)ရက် |
| ရုပ်ဖုံးအဆင့် | -(၁၄)ရက် |
| အကောင်ကြီးအဆင့် | -(၁၀)ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ဥများအားအမြဲမပြတ်လက်ဖြင့်ကောက်ယူဖျက်ဆီးပါ။

(၂)စိုက်ခင်းပတ်ဝန်းကျင်တွင်မုံညှင်း၊နေကြာများအားစိုက်ပျိုးပါ။

(၃)ထိသေ၊စားသေ(သို့)ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးအား ဆေးအညွှန်းစာအတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ် မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍ စနစ်တကျ ခူးဆွတ်ပါ။

- လန်မ်ဒါဆိုင်ဟေလိုသရင်(Lambda-cyhalothrin)
- ဆိုင်ပါမီသရင် (Cypermethrin)
- ဒယ်လ်တာမီသရင် (Deltamethrin)